# ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ

# THE CONTROL OF SMOKING AND CONSUMPTION OF TOBACCO PRODUCT LAW

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အခန်း(၁) | |
| ၁။ | အမည် စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ |
| | အခန်း(၂) | |
| ၂။ | ရည်ရွယ်ချက်များ | ၂ |
| | အခန်း(၃) | |
| ၃။ | ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ | ၄ |
| | အခန်း(၄) | |
| ၄။ | ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ | ၆ |
| | အခန်း(၅) | |
| ၅။ | ကျန်းမာရေးဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များ | ၈ |
| | အခန်း(၆) | |
| ၆။ | တာဝန်ခံပုဂ္ဂိုလ်၏လုပ်ငန်းတာဝန်များ | ၁၀ |
| | အခန်း(၇) | |
| ၇။ | စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း | ၁၁ |
| | အခန်း(၈) | |
| ၈။ | ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၁ |
| | အခန်း(၉) | |
| ၉။ | အထွေထွေ | ၁၆ |


## Contents


| No. | Particular | Page |
|---|---|---|
| | Chapter I | |
| 1. | Title, Commencement and Definition | 1 |
| | Chapter II | |
| 2. | Objective | 2 |
| | Chapter III | |
| 3. | Formation of the Central Board of the Control of Smoking and Consumption of Tobacco Product, and Functions and Duties Thereof | 4 |
| | Chapter IV | |
| 4. | Non-Smoking Areas | 6 |
| | Chapter V | |
| 5. | The Functions and Duties of the Ministry of Health | 8 |
| | Chapter VI | |
| 6. | Functions and Duties of Person-in-charge | 10 |
| | Chapter VII | |
| 7. | Actions taking by Administrative Means | 11 |
| | Chapter VIII | |
| 8. | Offences and Penalties | 11 |
| | Chapter IX | |
| 9. | [illegible] | [illegible] |

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅ / ၂၀၀၆)

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၀၆ ခုနှစ်၊ မေလ ၄ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ် ပြည့်မြောက်ပြီးသည့်နေ့ရက်မှ စတင်၍ အာဏာ တည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် –

(က) **ဆေးလိပ်** ဆိုသည်မှာ ဆေးရွက်ကြီးထွက်ပစ္စည်းအား မီးလောင် ကျွမ်းစေခြင်းဖြင့် ထွက်ပေါ်လာသော အခိုးအငွေ့ကို ရှူရှိုက်ရန်အလို့ငှာ တစ်နည်းနည်းဖြင့် စီမံထားသည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံနှင့် အလားတူ အခြားပစ္စည်းတစ်မျိုးမျိုး ကိုဆိုသည်။

The Union of Myanmar

The State Peace and Development Council

# The Control of Smoking and Consumption of Tobacco Product Law

( The State Peace and Development Council Law No.5/ 2006)

( The 4th Waxing Day of Kason, 1368 M.E. )

( 4th May, 2006 )

The State Peace and Development Council hereby enacts the following Law:-

## Chapter I

## Title, Commencement and Definition

1. (a) This Law shall be called **the Control of Smoking and Consumption of Tobacco Product Law.**

(b) This Law shall come into force on the date of completion of one year from its promulgation.

2. The following expressions contained in this Law shall have the meanings given hereunder:

(a) **Cigar** means any cigarette, cheroot, cigar, smoking pipe and any other similar material prepared by any means for inhalation of smoke emitted from the burning of tobacco product;

(ခ) **ဆေးရွက်ကြီးထွက်ပစ္စည်း** ဆိုသည်မှာ ဆေးရွက် ကြီးပင်တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခု ကိုဖြစ်စေ၊ အရွက်ကိုဖြစ်စေ၊ အရိုးကိုဖြစ်စေ သောက်ရန် သို့မဟုတ် သုံးရန် အလို့ငှာ ပြုပြင်စီမံ ထားသော ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(ဂ) **ဆေးလိပ်ငွေ့** ဆိုသည်မှာ ဆေးလိပ်ကို မီးလောင်ကျွမ်းစေခြင်းဖြင့် ထွက်ပေါ်လာသော အခိုးအငွေ့ကိုလည်းကောင်း၊ ဆေးလိပ်ကိုသောက်ဖွာခြင်း၊ ရှူထုတ်ခြင်း သို့မဟုတ် ရှူရှိုက်ခြင်းကြောင့် ထွက်ပေါ်လာသော အခိုးအငွေ့ကိုလည်းကောင်း ဆိုသည်။

(ဃ) **ရောင်းချခြင်း** ဆိုသည်မှာ ပစ္စည်းတစ်မျိုးမျိုးကို လက်လီလက်ကားရောင်းချခြင်း သို့မဟုတ် ရောင်းချရန်အလို့ငှာ ခင်းကျင်းပြသခြင်းကို ဆိုသည်။

(င) **ဆေးလိပ်ထုပ်** ဆိုသည်မှာ ဆေးလိပ်ကိုဖြစ်စေ၊ ဆေးရွက်ကြီးထွက်ပစ္စည်းကိုဖြစ်စေ စုစည်း၍ ထည့်သွင်းထားသော သို့မဟုတ် ထုပ်ပိုးထားသော ဘူး၊ ပုလင်း၊ ကတ်ပြား သို့မဟုတ် အလားတူ အခြားပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

(စ) **အမှတ်တံဆိပ်** ဆိုသည်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း တစ်မျိုးမျိုးကို သိရှိနိုင်ရန်အလို့ငှာ တစ်နည်းနည်းဖြင့် ပြုလုပ် ဖော်ပြထားသော အမည်၊ သင်္ကေတ၊ ပုံသဏ္ဌာန် သို့မဟုတ် အမှတ်အသားကို ဆိုသည်။

(ဆ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ပုဒ်မ ၄ အရ ဖွဲ့စည်းသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(ဇ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ ခရိုင် နှင့် မြို့နယ်အဆင့်များတွင် ပုဒ်မ ၅၊ ပုဒ်မခွဲ (ဈ) အရ ဖွဲ့စည်းထားသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်း

(b) **Tobacco product** means any material prepared for the purpose of smoking or consumption of the whole or part of the tobacco plant, leaf or stalk of the same;

(c) **Cigar smoke** means smoke emitted from the burning of cigar or smoke emitted from smoking, exhaling or inhaling of cigar;

(d) **Sale** means retail and wholesale of any material or display of the same for sale;

(e) **Cigar package** means a packet, bottle, card or any other similar material into which the cigar or tobacco product is collected and inserted and which packs the same;

(f) **Label** means a name, sign, shape or mark denoted by any means to make known any kind of cigar and tobacco product;

(g) **Central Board** means the Central Board for the Control of Smoking and Consumption of Tobacco Product formed under section 4;

(h) **Supervisory Body** means the Supervisory Bodies for the Control of Smoking and Consumption of Tobacco Product formed under sub-section (i) of section 5 at the State, Division, District

(ဈ) **တာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင် သတ်မှတ်ဖော်ပြထားသော နေရာကို ပိုင်ဆိုင်သူ သို့မဟုတ် တာဝန်ယူစီမံခန့်ခွဲသူကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုသူက လွှဲအပ်တာဝန် ပေးထားသော ပုဂ္ဂိုလ်လည်း ပါဝင်သည်။

(ည) **ကျောင်း** ဆိုရာတွင် အခြေခံပညာ အထက်တန်း ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း၊ နေ့ကလေး ထိန်းကျောင်း၊ မူလတန်း ကြိုကျောင်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ပါဝင်သည်။

(ဋ) **သင်တန်းကျောင်း** ဆိုသည်မှာ အသိပညာနှင့် အတတ်ပညာ တစ်ရပ်ရပ်ကို သင်တန်းသား ၁၀ ဦးနှင့်အထက်အား သင်ကြားသည့်သင်တန်းကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ကြောင့် ကျန်းမာရေးကိုထိခိုက်စေနိုင်ကြောင်း အများပြည်သူ တို့နားလည်သဘောပေါက်ပြီး ဆေးလိပ် နှင့် ဆေးရွက်ကြီး ထွက် ပစ္စည်း သောက်သုံးခြင်း မှ ရှောင်ကြဉ်စေရန်၊

(ခ) ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင် ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ကျန်းမာရေး ကို ထိခိုက်စေသည့် အန္တရာယ်မှကာကွယ်ရန်၊

(i) **Person-in-charge** means the owner or person who administers the places designated in sections 6 and 7. This expression also includes a person who has been assigned duty by the said owner or person;

(j) **School** includes Basic Education High School, Basic Education Middle School, Basic Education Primary School, Nursery School, Pre-School and Monastic Educational School;

(k) **Training School** means a course for the teaching of educational and technical knowledge of ten or more trainees.

## Chapter II

## Objectives

3. The objectives of this Law are as follows:

(a) to convince the public that health can be adversely affected due to smoking and consumption of tobacco product and to cause refraining from the use of the same;

(b) to protect from the danger which affects public health adversely by creating tobacco smoke-

(ဂ) ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့်ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသော နေထိုင်မှုဘဝ ရရှိစေရန်၊

(ဃ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မား လာစေရန်၊

(င) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံက လက်ခံ ထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည် ဖော် ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)
## ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် –

(က) ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး က ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းကို ဦးစီးဆောင်ရွက်ရန် တာဝန်ပေးအပ် ခြင်းခံရသူက တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပညာရှင်များက အဖွဲ့ဝင်များ အဖြစ် လည်းကောင်း ပါဝင်သောဆေးလိပ် နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်း

(c) to obtain a healthy living style of the public including child and youth by preventing the habit of smoking and consumption of tobacco product;

(d) to uplift the health, economy and social standard of the public through control of smoking and consumption of tobacco product;

(e) to implement measures in conformity with the international convention ratified by Myanmar to control smoking and consumption of tobacco product.

## Chapter III
## Formation of the Central Board of the Control of Smoking and Consumption of Tobacco Product, and Functions and Duties thereof

4. The Government:

(a) shall form the Central Board of the Control of Smoking and Consumption of Tobacco Product comprising Minister of the Ministry of Health as Chairman, Deputy Minister of the Ministry of Health as Vice-chairman, Director General of the Department of Health as Secretary, a person assigned with duty to lead the task for control of smoking and consumption of tobacco product as joint secretary and service personnel

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မူဝါဒချမှတ်ခြင်း၊

(ခ) အများပြည်သူအား ဆေးလိပ်ငွေ့ အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင် ဖြစ်ပေါ်စေရန် စီမံဆောင်ရွက်ခြင်း၊

(ဂ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းစွဲလမ်းမှုကို ဖြတ်တောက်နိုင်ရေးအတွက် အစီအစဉ်များချမှတ်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဃ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ကြောင့် ကျန်းမာရေးထိခိုက်စေနိုင်ကြောင်းကို အများ ပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေး အတွက် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(င) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု လျှော့နည်းစေရေးအတွက် လှုံ့ဆော်ရေးပြပွဲ၊ နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ ကျင်းပရန်လမ်းညွှန်ခြင်း၊

(စ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု နှင့်စပ်လျဉ်းသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက် ရန်လမ်းညွှန်ခြင်း၊

(ဆ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာအစိုးရ ဌာန၊ အဖွဲ့အစည်းများနှင့်

(b) may re-organize the Central Board formed under sub-section (a), as may be necessary.

5. The functions and duties of the Central Board are as follows:

(a) laying down policy to implement the objectives of this law;

(b) carrying out measures to create tobacco smoke-free environment for protecting the public from the dangers of tobacco smoke;

(c) giving guidance to lay down and carry out tobacco cessation programmes;

(d) giving guidance to carry out educative work to let the public be aware extensively that smoking and consumption of tobacco product are dangerous to health;

(e) giving guidance to hold exhortative exhibitions, seminars, workshops and health talks for reduction of smoking and consumption of tobacco product;

(f) giving guidance to carry out research works in respect of smoking and consumption of tobacco product;

(g) co-operation and co-ordination with the relevant Government departments and

(ဈ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်း များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ည) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းကို ဆောင်ရွက် နိုင်ရန် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ကြီးကြပ်ရေး အဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဋ) မိမိ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း။

## အခန်း(၄)
## ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ

၆။ အောက်ပါ ပရိဝုဏ်၊ အဆောက်အအုံ၊ အခန်းနှင့်နေရာများ သည် ဆေးလိပ်လုံးဝသောက်ခွင့် မရှိသော နေရာများ ဖြစ်သည် –

(က) ဆေးရုံပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့်အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံရုံးခန်း၊ ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊

(h) communicating with international organizations, regional organizations, local and foreign non-governmental organizations for carrying out effectively the control of smoking and consumption of tobacco product;

(i) formation of the supervisory bodies at the State, Division, District and Township levels and determining the functions and duties thereof for carrying out the control of smoking and consumption of tobacco product;

(j) formation of necessary committees and determining their functions and duties to implement them.

## Chapter IV
## Non-Smoking Areas

6. The following compounds, buildings, rooms and places are non-smoking areas:

(a) hospital buildings, offices, compounds and other buildings in the compound except staff houses and apartments in the hospital compound;

(b) medical treatment centres and clinics;

(ဂ) အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊

(ဃ) ကလေးကစားရုံနှင့် ကစားကွင်းများ၊

(င) ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ သင်ကြားရေး အဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်း၊ ပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြား အဆောက်အအုံများ၊

(စ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်း နှင့် ရုံးခန်းများ၊

(ဆ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ၊

(ဇ) ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊

(ဈ) ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံး စာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊

(ည) ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊

(ဋ) ခရီးသည်သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ၊

(ဌ) လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံး အခန်းများ၊

(ဍ) အများပြည်သူသုံးခန်းမကြီးများ၊

(ဎ) ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းနှင့် သင်တန်း ကျောင်းများ၏ သင်ကြားရေး အဆောက်အအုံနှင့် စာသင်ခန်းများ၊

(ဏ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အများ ပြည်သူဆိုင်ရာ အခြားပရိဝုဏ်၊

(d) children drill sheds and playgrounds;

(e) teaching buildings, classrooms, offices, compounds and other buildings in the compound except staff houses and apartments in the school compound;

(f) teaching buildings of universities, degree colleges, colleges and institutes, classrooms and offices;

(g) opera houses, cinema halls, video halls and other buildings of entertainment;

(h) marts, department stores, stores and market sheds;

(i) museums, archives, public libraries and reading rooms;

(j) elevators and escalators;

(k) motor vehicles and aircrafts for passenger transport;

(l) air-conditioned public rooms;

(m) public auditoriums;

(n) teaching buildings and classrooms of private tuition classes and training schools;

(o) other public compounds, buildings and places

၇။ အောက်ပါအဆောက်အအုံနှင့် ယာဉ်များတွင် တစ်ဦးချင်း၏ ရုံးခန်းနှင့် အခန်းများမှအပ လူအများ ဝင်ထွက် သွားလာနိုင်သော နေရာများသည် ဆေးလိပ်သောက်ခွင့်မရှိသော နေရာများ ဖြစ်သည်။ သို့ရာတွင် ထိုနေရာများ၌ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့် နေရာများကို စီမံထားရှိရမည် –

(က) ရုံး၊ ဌာနတို့၏အဆောက်အအုံများ၊

(ခ) စက်ရုံ၊ အလုပ်ရုံတို့၏အဆောက်အအုံများ၊

(ဂ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာ တို့၏ အဆောက်အအုံများ၊

(ဃ) ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်နှင့် အဝေးပြေးကားဂိတ် တို့၏ အဆောက်အအုံများ၊

(င) ပျော်ပွဲစားရုံများ၊

(စ) ခရီးသည်သယ်ယူပို့ဆောင်သော ရထားနှင့် ရေယာဉ်များ၊

(ဆ) ကျန်းမာရေးဝန်ကြီးဌာနကအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်အများပြည်သူဆိုင်ရာအခြား အဆောက်အအုံ အခန်းနှင့် နေရာများ။

## အခန်း (၅)
## ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၈။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ကျန်းမာရေး ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန် များမှာ အောက်ပါ အတိုင်းဖြစ်သည် –

(က) ဗဟိုအဖွဲ့ကချမှတ်သော မူဝါဒနှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

7. Places to which the public have access in the following buildings, vehicles and crafts are non-smoking areas except the private offices and rooms. However, specific places where smoking is allowed, shall be arranged in such areas:

(a) buildings of offices and departments;

(b) buildings of factories and workshops;

(c) buildings of hotels , motels, guest houses and lodging houses;

(d) buildings of railway stations, airports, ports and highway bus terminals;

(e) restaurants;

(f) trains and vessels for passenger transport;

(g) other public buildings, rooms and places prescribed through notification by the Ministry of Health.

## Chapter V
## The Functions and Duties of the Ministry of Health

8. The functions and duties of the Ministry of Health relating to the control of smoking and consumption of tobacco product are as follows:

(a) implementing the policies and guidelines laid down by the Central Board;

(ခ) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့်အညီ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) ပုဒ်မ ၇ တွင် ဖော်ပြထားသောနေရာများတွင် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ၌ စီမံထားရှိရမည့် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ဃ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာကို လည်းကောင်း၊ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့် နေရာကိုလည်းကောင်း သိရှိနိုင်ရန်ဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကို သတ်မှတ်ခြင်း၊

(င) ဆေးလိပ်ထုပ်တွင် ဖော်ပြပါရှိရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းကို လည်းကောင်း၊ အခြားလိုအပ်သော သတိပေးချက်များကို လည်းကောင်း သတ်မှတ်ခြင်း၊

(စ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းစွဲလမ်းမှုကို ဖြတ်တောက်နိုင်ရေးအတွက် နှစ်သိမ့် ဆွေးနွေးခြင်းနှင့် ကုသခြင်းတို့ကိုစီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်

(b) implementing the works of control of smoking and consumption of tobacco product in accordance with the objectives of this Law;

(c) determining the requirements to be arranged at the specific area where smoking is allowed as mentioned in section 7;

(d) determining the caption and marks referring to make known the non-smoking area and specific smoking area;

(e) determining the caption of warning in Myanmar language, to be mentioned on the package of cigar that smoking can seriously affect health and other necessary warnings;

(f) arranging and carrying out counselling and treatment for cessation of smoking and consumption of tobacco product;

(g) in performing the functions of the control of smoking and consumption of tobacco product, communicating and coordinating with the relevant government departments and organizations, international organizations, regional organizations and local and foreign non-governmental organizations;

(ဇ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး လုပ်ငန်းကိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သောအစီအစဉ်များ ချမှတ် ဆောင်ရွက်ခြင်း၊

(ဈ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုများကို ဗဟို အဖွဲ့သို့ အခါအားလျော်စွာတင်ပြခြင်း။

## အခန်း (၆)
## တာဝန်ခံပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်များ

၉။ တာဝန်ခံပုဂ္ဂိုလ်သည် –

(က) ပုဒ်မ ၆ တွင် ဖော်ပြထားသောနေရာ၌ဆေးလိပ်သောက်ခွင့် မရှိသောနေရာ ဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့် အမှတ်အသားများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက် ထားရှိရမည်။

(ခ) ပုဒ်မ ၇ တွင် ဖော်ပြထားသောနေရာ၌ ဆေးလိပ် သောက်ခွင့်ရှိသော သီးသန့်နေရာ စီမံထားရှိ ရမည့်အပြင် ယင်းသို့ ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာ ဖြစ်ကြောင်းဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသား များကို လည်း သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက် ထားရှိရမည်။

(ဂ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာ၌ မည်သူမျှဆေးလိပ် သောက်ခြင်း မပြုရန် ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) မိမိတာဝန်ရှိသည့်နေရာသို့ ကြီးကြပ်ရေးအဖွဲ့ လာရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

(h) laying down and carrying out the necessary arrangements to enable implementing effectively the measures for control of smoking and consumption of tobacco product;

(i) submitting to the Central Board the report of actions in respect of the control of smoking and consumption of tobacco product.

## Chapter VI
## Functions and Duties of Person-in-charge

9. The person-in-charge shall:

(a) keep the caption and mark referring that it is a non-smoking area at the place mentioned in section 6 in accordance with the stipulations.

(b) arrange the specific place where smoking is allowed as mentioned in section 7, and keep the caption and mark also referring that it is a specific place where smoking is allowed, in accordance with the stipulations.

(c) supervise and carry out measures so that no one shall smoke at the non-smoking area.

(d) accept the inspection when the supervisory body comes to the place for which he is

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၀။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ တာဝန်ခံ ပုဂ္ဂိုလ်သည် ပုဒ်မ ၆၊ ပုဒ်မခွဲ (င)၊ (စ)နှင့် (ပ) တို့တွင် ဖော်ပြထားသော နေရာ၌ ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသောဆေးလိပ်ကို ကိုင်ဆောင်ခြင်းပြုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ချမှတ်နိုင်သည် –

(က) ပထမအကြိမ်ကျူးလွန်မှုအတွက် ပညာပေးခြင်း၊ သတိပေးခြင်းနှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကို အသိပေးခြင်း၊

(ခ) ထပ်မံကျူးလွန်မှုများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဗဟို အဖွဲ့နှင့် ညှိနှိုင်းသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်း။

## အခန်း (၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၁။ မည်သူမဆို ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး အတွက် လူအများသိရှိစေရန် အောက်ပါ ပြုလုပ်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ လည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှု ကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ၂ နှစ် ထက်မပိုသော ထောင်ဒဏ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀၀၀ မှ အများဆုံးကျပ် ၂၀၀၀၀၀ အထိ လည်းကောင်း ချမှတ်ရမည် –

## Chapter VII
## Actions taken by Administrative Means

10. The person-in-charge of any university, degree college, college, institute, school, private tuition class and training school may pass any of the following orders on a person who smokes or holds lighted cigar at the place mentioned in sub-sections (e), (f) and (n) of section 6:

(a) educating, warning and informing the parents or guardian for the first offence;

(b) taking action in accordance with the rules and regulations prescribed by the relevant ministry in coordination with the Central Board, for subsequent offences.

## Chapter VIII
## Offences and Penalties

11. Whoever commits any of the following acts to publicize for wide distribution and sale of cigar and tobacco product shall, on conviction, be punished with a fine from a minimum of kyats 20000 to a maximum of kyats 50000. for the first offence and be punished with imprisonment for a term which may extend to 2 years and shall also be liable to a fine from a minimum of kyats 50000 to a maximum

(က) ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း၊ ရေးဆွဲဖော်ပြ၍ကြော်ငြာခြင်း၊ ကြော်ငြာချိတ်ဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ကြော်ငြာလက်ကမ်းစာရွက်ဝေငှခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် ကြော်ငြာခြင်း၊

(ခ) ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုတို့ဖြင့်ဖြစ်စေ၊ အဆင့်မြင့်နည်းပညာသုံး ဆက်သွယ်ရေးစနစ်ဖြင့်ဖြစ်စေ လူထုဆက်သွယ်ရေးလမ်းကြောင်းမှ ထုတ်လွှင့်ခြင်း သို့မဟုတ် ပြသခြင်း၊

(ဂ) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် လက်ကမ်းစာစောင်များတွင် ဖော်ပြခြင်း သို့မဟုတ် ယင်းတို့ကို ဖြန့်ချိခြင်း၊

(ဃ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ပါသောပစ္စည်းကို အခမဲ့ဖြန့်ဖြူးခြင်း၊ ဝေငှခြင်း သို့မဟုတ် လက်ဆောင်ပေးခြင်း၊

(င) အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲ သို့မဟုတ် ပြပွဲကျင်းပနိုင်ရန်ဖြစ်စေ၊ အကျိုးပြုလုပ်ငန်း တစ်ခုခုကိုပြုလုပ်နိုင်ရန်ဖြစ်စေ အထောက်အပံ့ပေးခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(စ) လူ့အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ် တံဆိပ်ကိုဖော်ပြခြင်း၊

(ဆ) အခြားတစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း။

၁၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ အား ၂ နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် –

(က) ဤဥပဒေအရ လာရောက်စစ်ဆေးသည့် ကြီးကြပ်ရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊

(a) setting up signboard of advertisement, advertising by drawing, hanging the advertisement, affixing advertisement, distributing pamphlet of advertisement or advertising by other means;

(b) broadcasting or displaying by radio, film, television and video or by communication system using high technology from the mass media channel;

(c) describing by publishing in newspapers, journals, magazines and pamphlets or distributing the same;

(d) distributing free of charge, handing out or giving as present goods containing the label of cigar and tobacco product;

(e) sponsoring or rendering service to hold athletic game, funfair or exhibition or any welfare activity;

(f) describing the label of cigar and tobacco product on any personal goods;

(g) carrying out by any other means.

12. Whoever commits any of the following acts shall, on conviction, be punished with imprisonment for a term which may extend to two years or with fine or with both:

(a) obstruction, disturbance, prohibition or commission of assault to any member of Supervisory Body who comes and inspects

(ခ) ဆေးလိပ်သောက်ခွင့်မပြုသော နေရာ၌ ဆေးလိပ်သောက်ခြင်း မပြုရန် ကြပ်မတ်ဆောင်ရွက်သောတာဝန်ခံပုဂ္ဂိုလ်ကို ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ တားဆီးခြင်း သို့မဟုတ် လက်ရောက်မှု ကျူးလွန်ခြင်း။

၁၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ လည်းကောင်း၊ ဒုတိယအကြိမ် နှင့်အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ၁ နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ အထိ လည်းကောင်း ချမှတ်ရမည် –

(က) ဆေးလိပ်ထုပ်တွင် ဖော်ပြရမည့် ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းနှင့် အခြားသတိပေးချက်များကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်းမရှိဘဲ ဆေးလိပ်ကိုထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ခ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းတွင် ဗဟိုအဖွဲ့က သတ်မှတ်သော အဆိပ်အတောက် ဖြစ်စေသည့် ဓာတ်ပစ္စည်းအာနိသင်ထက် လျော့ပါးပါဝင်သည်ဟု မမှန်မကန် ဖော်ပြပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကို ထုတ်လုပ်ခြင်း၊ ယင်းသို့ဖော်ပြထားသည်ကို သိလျက်ဖြင့် ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(ဂ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းကို စီးပွားရေးအလို့ငှာ

(b) obstruction, disturbance, prohibition or commission of assault on the person-in-charge who supervises to prevent smoking at the non- smoking area.

13. Whoever commits any of the following acts shall, on conviction, be punished with a fine from a minimum of kyats 10000 to a maximum of kyats 30000 for the first offence and be punished with imprisonment for a term which may extend to one year and shall also be liable to a fine from a minimum of kyats 30000 to a maximum of kyats 100000 for second and subsequent offences:

(a) production, distribution or sale of cigar without mentioning the caption of warning in Myanmar language to be mentioned on the package of cigar that smoking can seriously affect health and other necessary warnings in accordance with the stipulations;

(b) production of cigar and tobacco product fraudulently mentioning that the toxic chemical potency is less than the amount prescribed by the Central Board in cigar and tobacco production, distribution or sale thereof in spite of knowing such fact mentioned;

(c) production, distribution or sale of cigar

(ဃ) ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းတစ်ခုခု၏ အမှတ်တံဆိပ် ဖော်ပြထားသော အခြား ကုန်ပစ္စည်းတစ်ခုခုကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း၊

(င) ဆေးလိပ်ပုံသဏ္ဍာန်ပြုလုပ်ထားသောကစားစရာပစ္စည်း၊ စားသောက်ဖွယ်ရာ သို့မဟုတ် အသုံးအဆောင်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း။

၁၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ လည်းကောင်း၊ ဒုတိယအကြိမ် နှင့်အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ၁ နှစ်ထက် မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ် ၃၀၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀၀ အထိ လည်းကောင်း ချမှတ်ရမည် –

(က) ကျောင်းပရိဝုဏ်အတွင်းနှင့် ကျောင်းပရိဝုဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းချ ခြင်း၊

(ခ) ကုန်ပစ္စည်းတစ်မျိုးမျိုး ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုရာတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို လည်းကောင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုရာတွင် အခြား ကုန်ပစ္စည်းတစ်မျိုးမျိုး ကိုလည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထပ်ဆောင်းပေးခြင်း၊ လက်ဆောင်ပေးခြင်း သို့မဟုတ် တွဲဖက်ပေးခြင်း၊

(ဂ) ဆေးလိပ်ကို ပစ္စည်းရောင်းစက်ဖြင့် ရောင်းချခြင်း၊

(ဃ) အသက် ၁၈ နှစ် မပြည့်သေးသောသူအား ဆေးလိပ်ကို

(d) production, distribution or sale of any other goods showing the label of any cigar and tobacco product;

(e) production, distribution or sale of toys, edibles or wares made in the form of cigar.

14. Whoever commits any of the following acts shall, on conviction, be punished with a fine from a minimum of kyats 10000 to a maximum of kyats 30000 for the first offence and be punished with imprisonment for a term which may extend to one year and shall also be liable to a fine from a minimum of kyats 30000 to a maximum of kyats 100000 for second and subsequent offences:

(a) selling cigar within the compound and within 100 yards from the compound of a school;

(b) giving in addition, giving as present or jointly giving directly or indirectly, any cigar and tobacco products in distributing or selling any goods, or any article in distributing or selling cigar and tobacco products;

(c) selling the cigar by vending machine:

(d) selling or giving cigar to a person who has not attained the age of eighteen;

(င) အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆေးလိပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်း ပြုရာတွင် ခိုင်းစေခြင်း၊

(စ) အသက် ၁၈ နှစ် မပြည့်သေးသောသူထံမှ ပစ္စည်းတစ်ခုခုကို ဆေးလိပ်နှင့် လဲလှယ်ခြင်း၊

(ဆ) ဆေးလိပ်သောက်ခွင့်မရှိသောနေရာဖြစ်ကြောင်း သို့မဟုတ် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်ညွှန်းသည့် စာတန်းနှင့်အမှတ်အသားများကို ဖျက်ဆီးခြင်း။

၁၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအားငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀ အထိလည်းကောင်း၊ ဒုတိယအကြိမ်နှင့်အထက် ပြစ်မှု ကျူးလွန်ခြင်း ဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံးကျပ် ၃၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀ အထိ လည်းကောင်း ချမှတ်ရမည် -

(က) စီးကရက်ကို လွယ်ကူစွာဝယ်ယူသောက်သုံးနိုင်စေရန် တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းချခြင်း၊

(ခ) ဆေးလိပ်ရောင်းချသူဖြစ်ပါက ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း မြန်မာဘာသာဖြင့် သတိပေးစာတန်းကို ဆေးလိပ်ရောင်းချ သည့်နေရာတွင် ထင်ရှားမြင်သာစွာ ဖော်ပြထားရှိရန် ပျက်ကွက်ခြင်း၊

(ဂ) ဆေးလိပ်ရောင်းချသူဖြစ်ပါက အသက် ၁၈ နှစ် မပြည့်သေးသောသူကို ဆေးလိပ် ရောင်းချခြင်း မပြုကြောင်း မြန်မာဘာသာဖြင့် အသိပေးစာတန်းကို ဆေးလိပ်ရောင်းချသည့်

(e) employing a person who has not attained the age of eighteen in distributing or selling cigar;

(f) exchanging the cigar with any goods from a person who has not attained the age of eighteen;

(g) destroying the caption and mark showing the place where smoking is not allowed or where smoking is allowed.

15. Whoever commits any of the following acts shall, on conviction, be punished with a fine from a minimum of kyats 1000 to a maximum of kyats 3000 for the first offence and be punished with a fine from a minimum of kyats 3000 to a maximum of kyats 10000 for second and subsequent offences:

(a) sale of cigarette singly or in a package containing less than 20 to enable easy purchase and smoking;

(b) if being a vendor of cigar, fails to mention conspicuously at the place of sale, the caption of warning in Myanmar language that smoking can seriously affect health;

(c) if being a vendor of cigar, fails to mention conspicuously at the place of sale, the caption informing in Myanmar language that sale is not made to a person who h

၁၆။ မည်သည့် တာဝန်ခံပုဂ္ဂိုလ်မဆို ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပထမအကြိမ်ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀ အထိ လည်းကောင်း၊ ဒုတိယအကြိမ်နှင့် အထက် ပြစ်မှုကျူးလွန်ခြင်းဖြစ်ပါက ထိုသူအားငွေဒဏ်အနည်းဆုံး ကျပ် ၃၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀ အထိလည်းကောင်း ချမှတ်ရမည်။

၁၇။ မည်သူမဆို ပုဒ်မ ၆၊ ပုဒ်မခွဲ (င)၊ (စ) နှင့် (ပ) တို့တွင် ဖော်ပြပါရှိသော နေရာများမှအပ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့ပါ ဆေးလိပ်သောက်ခွင့် မရှိသောနေရာ တစ်ခုခုတွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့် ဆေးလိပ် ကိုင်ဆောင်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံးကျပ် ၅၀၀၀ အထိ ချမှတ်ရမည်။

## အခန်း (၉)
## အထွေထွေ

၁၈။ (က) ဤဥပဒေ အခန်း (၈) ပါပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) သက်ဆိုင်ရာ တာဝန်ရှိရဲအရာရှိသည် ပုဒ်မ ၁၇ အရဖမ်းဆီး အရေးယူခြင်း ခံရသူအား ချိန်းဆိုသည့်နေ့တွင် သက်ဆိုင်ရာ တရားရုံးသို့ လာရောက်ရန် ကိုယ်တိုင်ခံဝန် သို့မဟုတ် အခြား သင့်လျော်သောခံဝန်ဖြင့် အာမခံပေးရမည်။

16. Any person-in-charge who fails to comply with any duty contained in section 9 shall, on conviction, be punished with a fine from a minimum of kyats 1000 to a maximum of kyats 3000 for the first offence and be punished with a fine from a minimum of kyats 3000 to a maximum of kyats 10000 for the second and subsequent offences.

17. Whoever commits smoking or holding lighted cigar in any non-smoking area under sections 6 and 7, except places prescribed in sub-sections (e),(f) and (n) of section 6 shall, on conviction, be punished with a fine from a minimum of kyats 1000 to a maximum of kyats 5000.

## Chapter IX
## Miscellaneous

18. (a) Offences contained in Chapter VIII of this Law are determined as cognizable offences.

(b) The responisible Police Officer concerned shall cause the person apprehended under section 17 to give a surety on a personal bond or other appropriate bond to appear before the relevant Court on the appointed day.

၁၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၂၀။ ၁၉၅၉ခုနှစ်၊ ပွဲကျင်းပပြသရာ အဆောက်အအုံများတွင် ဆေးလိပ်သောက်ခြင်းတားမြစ်ရေး အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

19. In implementing the provisions of this Law:

(a) the Ministry of Health may, with the approval of the Government, issue necessary rules and procedures;

(b) the Ministry of Health and relevant ministries may issue necessary notifications, orders and directives and the Department of Health may issue necessary orders and directives.

20. The Prohibition of Smoking at the Entertainment Buildings Act, 1959 is hereby repealed.

(Sd.) Than Shwe
Senior General
Chairman
The State Peace and Development Council